# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

January 3 , 2023 Volume 62, Number 2


၃.၁.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၈၄၀ US$ |
| မြန်မာ့ရွှေဈေး | = ၂၇၂၀၀၀၀ |
| ဒေါ်လာဈေး | = ၂၈၄၀ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၁၅.၂၈ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၆၁.၇ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၅၀၅.၅ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၁၁.၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၃.၉၀ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၃၃၆ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၆၄.၄၀ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၇၆.၆၂ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၀.၉၇၆ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ဝ၁-၃၇၁၂၀၁၃
ဝ၁-၃၇၆၄၁၆
ဝ၁-၃၇၆၄၉ဝ
ဖက်စ် ဝ၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## မူဆယ်(၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှတင်ပို့သည့် ဖရဲသီးနှင့်သခွားမွှေး တရုတ်ဘက်တွင် ဈေးကောင်းရနေ



http://sdtimedaily.com/

ရှမ်းပြည်နယ်၊ မူဆယ်မြို့၊ မူဆယ်(၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ ဖရဲသီးနှင့်သခွားမွှေးများ တရုတ်ဘက်သို့ တင်ပို့လျက်ရှိရာ ယခုရက်ပိုင်းတွင်ဈေးကောင်းရနေကြောင်း မူဆယ်(၁၀၅)မိုင် သစ်သီးဝလံ ကုန်စည်ဒိုင်မှ ဒုတိယဥက္ကဋ္ဌ ဦးစိုင်းခင်မောင်က ယနေ့ (ဇန်နဝါရီ ၃ ရက်) တွင်ပြောသည်။

"သစ်သီးဈေးကွက်ကတော့ ဟိုဘက်မှာ ဈေးကောင်းနေတာပဲ။ အဆင်ပြေတယ်ဆိုပေမယ့်လည်း လောလောဆယ် ကိုဗစ်လမ်းကြောင်းတွေနဲ့ သွားနေရသေးတော့ အဆင်မပြေတာတွေတော့ ရှိသေးတာပေါ့။ ကားအားလုံးတော့ ဟိုဘက်ကို ဝင်နေပါတယ်။ အရင်က ဈေးမကောင်းရင် ရှုံးတာပေါ့။ အခုဈေးလည်း ကောင်းနေတော့ အဆင်ပြေပါတယ်" ဟု ၎င်းကပြောသည်။

လက်ရှိတွင် သစ်သီးဝလံများ တရုတ်ဘက်တွင် ဈေးကောင်းရနေသည့်အပြင် ကုန်ကားလမ်းကြောင်းများသည်လည်း အဆင်ပြေစွာ သွားရောက်နိုင်နေသည့်အတွက် သစ်သီးများဈေးကွက်မမှီခြင်း၊ အသီးပုတ်ခြင်းများမရှိကြောင်း ကုန်သည်များထံမှ သိရသည်။

မူဆယ်(၁၀၅) မိုင်သစ်သီးဝလံကုန်စည်ဒိုင်မှ တစ်နေ့လျှင် ကုန်ကားအစီးရေ ၁၅၀ ခန့်ထိ ကျင်စန်းကျော့-ဝမ်တိန်နယ်စပ်ဂိတ်မှတစ်ဆင့် တရုတ်ဘက်သို့ ဝင်ရောက်လျက်ရှိပြီး၊ အဆိုပါကုန်ကားများမှာ ဖရဲသီးနှင့်သခွားမွှေးကိုသာ အဓိက တင်ပို့နေခြင်းဖြစ်ကြောင်း မူဆယ်(၁၀၅)မိုင်သစ်သီးဝလံကုန်စည်ဒိုင်မှသိရသည်။

Source: http://sdtimedaily.com/

## ပြည်ပသို့ ထောပတ်သီး ပုံမှန်ကုန်သွယ်ရေးလမ်းကြောင်းအတိုင်း ပြန်လည်တင်ပို့နိုင်သော်လည်း ဈေးမရရှိသေး




နှစ်လကျော်ကြာ ရပ်တန့်ခဲ့သည့် ထောပတ်သီး ပြည်ပတင်ပို့မှု ပြန်လည်တင်ပို့နိုင်ပြီဖြစ်ကြောင်း မြန်မာနိုင်ငံ ထောပတ်သီးတင်ပို့ရောင်းချသူများအသင်းမှ သိရသည်။

ကိုဗစ်အလွန်ကာလတွင် ကမ္ဘာ့ထောပတ်သီးဈေးကွက် အကျဘက်ကို ဦးတည်ခဲ့ပြီး

မြန်မာနိုင်ငံ၏ ပို့ကုန်/သွင်းကုန် စည်းမျဉ်း၊ စည်းကမ်းဥပဒေများအစရှိသည့် အခက်အခဲများကြောင့် တရားဝင်တင်ပို့နိုင်ရန် ကြန့်ကြာခဲ့ခြင်းဖြစ်သည်။

"၁၀လပိုင်းကတည်းဆိုတော့ နှစ်လလောက်ကြာသွားတယ်။ ဘယ်လိုအခက်ခဲတွေလဲဆိုတော့ လိုအပ်ချက်တွေ အရမ်းများတယ် ၆၅ ၊၃၅ ကိစ္စတွေရယ်၊ တစ်ရာ ရာခိုင်နှုန်း paymentတွေရယ်၊ တွက်ခြေမကိုက်ဘူး။ အခုက မလေးက တောင်သူတွေဆီက တိုက်ရိုက်ဝယ်တယ်။ တောင်သူတွေကိုအားပေးတဲ့ ကုမ္ပဏီတွေဖြစ်တဲ့အတွက် ဈေးပိုပေးလာလို့ တင်ပို့ခြင်းဖြစ်တယ်"ဟု မြန်မာနိုင်ငံထောပတ်သီးတင်ပို့ရောင်းချသူများအသင်း၊ အတွင်းရေးမှူး ဦးကျော်စိုးမင်းကပြော သည်။

လက်ရှိပြည်ပသို့တင်ပို့နိုင်ပြီး ဈေးကောင်းပေးသော်လည်း ပြည်တွင်း၌ ငွေဈေးနှုန်း ၂၁၀၀ နှုန်းဖြင့် တွက်ချက်သည့်အတွက် အမှန်တကယ်တောင်သူတွေအဖို့ တွက်ခြေမကိုက်ကြောင်း သိရသည်။ လက်ရှိ ထောပတ်သီး တောင်သူများဖြင့် ဖွဲ့စည်းထားသည့် Shan Avocado ကုမ္ပဏီမှ 1kg လျှင် ၃.၇ အမေရိကန်ဒေါ်လာဖြင့် တဆင့် မလေးရှားနှင့်ထိုင်းသို့ တင်ပို့နေကြောင်းသိရသည်။

ပြည်တွင်း၌ ပြည်ပသို့တင်ပို့မည့် Hass အမျိုးစားမှာ ပြီးခဲ့သည့် ထောပတ်သီးရာသီက တစ်ကီလိုလျှင် ခြံထိုင်ဈေး ၄၀၀၀ အထိဈေးနှုန်းပေါက်ခဲ့ပြီး ယခုနှစ်တွင် တစ်ကီလိုလျှင် ၃၀၀၀ ကျပ်သာဈေးရရှိပြီး လက်လီဈေး ၄၀၀၀ နှင့် ၆၀၀၀ ကြားခန့်ရှိကြောင်းသိရသည်။ အထွက်နှုန်းအနေဖြင့် တစ်နှစ်ပြီးတစ်နှစ်ထက် ပိုမိုထွက်ရှိလာမည်ဖြစ်ကြောင်းသိရသည်။

"ထောပတ်သီးကို စစိုက်ထဲက exportလမ်းကြောင်းအတွက် စိုက်ကြတာ။ ထိုင်းကို ၈၀ ရာခိုင်နှုန်း Border trade နဲ့ သွားနေတယ်။ မရောင်းရဘူးလားဆိုတော့ ရောင်းရတယ် ဒါပေမဲ့ ပွဲစားတွေကနှိမ်ကြတယ်၊ Border trade ဖြစ်တဲ့ အတွက် တစ်နေရာမှာ မှားနိုင်တဲ့အတွက် ဈေးပိုရမှုလုပ်ကြတယ်။ အဲ့ဒီအတွက် တောင်သူတွေကအဆင်မပြေဘူး၊ တကယ်တမ်း တရားဝင်ရမှ ကောင်းတဲ့ဈေးကွက်တစ်ခုဖြစ်လာမှာ" ဟု ထောပတ်သီးစိုက် တောင်သူတစ်ဦးကပြောသည်။

လက်ရှိ မြန်မာ့ထောပတ်သီးကို စိတ်ဝင်စားသော ကုမ္ပဏီပေါင်း ၁၀၀ ကျော်ဖြင့် ချိတ်ဆက်နိုင်ခဲ့ပြီး ပြင်သစ်၊ နယ်သာလန် ၊ စပိန်၊ အီတလီစသော EU နိုင်ငံများ ၊ ဒူဘိုင်းနှင့် အိမ်နီးချင်းအာရှနိုင်ငံများမှ ကုမ္ပဏီ ၄၀ ကျော်ဖြင့်လည်း အပြန်အလှန်ဆက်လက်ဆွေးနွေးကာ ထောပတ်သီးနမူနာ တစ်တန်ခန့် ပေးပို့နိုင်ခဲ့ကြောင်းသိရသည်။

ပြည်ပသို့တင်ပို့ရန် စိုက်ပျိုးသည့်အသီးအား ပြည်ပအပြင် ပြည်တွင်းမှစားသုံးသူများ ကြိုက်နှစ်သက်ကြသည့်အတွက် ပြည်တွင်း၌ အရောင်းဝယ်ရှိကြောင်းသိရသည်။

ပြည်တွင်း၌ အထွက်နှုန်းကောင်းသော်လည်း အရည်အသွေးကောင်းမွန်သည့် အသီးနည်းပါးသောကြောင့် အမေရိကန်နိုင်ငံကယ်လီဖိုးနီးယားနိုင်ငံမှ မျိုးစပ်ဖြစ်သည့် Hass အမျိုးအစားကို တင်သွင်း၍ စိုက်ပျိုးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထောပတ်သီးကို ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် မန္တလေးတိုင်းဒေသကြီး(ပြင်ဦးလွင်) တို့မှာ အများဆုံးစိုက်ပျိုးကြပြီး ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် တောင်ကြီး၊ ဟိုပုံး၊ ညောင်ရွှေ၊ ဆီဆိုင်၊ ကလော၊ ပင်းတယ၊ ရွာငံ၊ ရပ်စောက်၊ ပင်လောင်း၊ ဖယ်ခုံ၊ လွိုင်လင်တို့တွင်လည်းကောင်း၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)တွင် လားရှိုး၊ ကွတ်ခိုင်၊ ကျောက်မဲ၊ သီပေါ၊ နောင်ချိုနှင့် မန္တလေးတိုင်းဒေသကြီး (ပြင်ဦးလွင်)တို့မှာလည်းကောင်း စိုက်ပျိုးကြကြောင်းသိရသည်။

AMIA

Source: https://t.me/htwettoe

## လက်ရှိဘဏ္ဍာနှစ် ကိုးလနီးပါးအတွင်း မြန်မာနိုင်ငံ၏ ပြည်ပကုန်သွယ်မှုကဏ္ဍ၌ ကုန်သွယ်ရေးလိုငွေ ဒေါ်လာသန်း ၄၆၀ နီးပါးဖြစ်ပေါ်

လက်ရှိဘဏ္ဍာနှစ် ကိုးလနီးပါးအတွင်း မြန်မာနိုင်ငံ၏ ပြည်ပကုန်သွယ်မှုကဏ္ဍ၌ ကုန်သွယ်ရေးလိုငွေ ဒေါ်လာသန်း ၄၆၀ နီးပါးဖြစ်ပေါ်ခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် စာရင်းများအရ သိရသည်။ ကုန်သွယ်ရေးလိုငွေဆိုသည်မှာ မိမိနိုင်ငံက တင်ပို့သည့်ပို့ကုန်ပမာဏထက် အခြားနိုင်ငံများမှ တင်သွင်းသည့် သွင်းကုန်ပမာဏက ပို၍များနေခြင်းကို ဆိုလိုသည်။

မြန်မာနိုင်ငံအနေဖြင့် ပြည်ပနိုင်ငံများနှင့် ကုန်သွယ်ရေးဆောင်ရွက်ရာတွင် ပင်လယ်ရေကြောင်းကုန်သွယ်မှုနှင့် နယ်စပ်ကုန်သွယ်မှုနှစ်ခုလုံးဖြင့် ကုန်သွယ်ရေးဆောင်ရွက်နေခြင်းဖြစ်သည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ ဒီဇင်ဘာ ၂၃ ရက်အထိ ကိုးလနီးပါးအတွင်း မြန်မာနိုင်ငံ၏ ပြည်ပကုန်သွယ်မှုစုစုပေါင်းပမာဏ ဒေါ်လာ ၂၄ ဒသမ ၇၀၅ ဘီလီယံအထိ ရရှိထားသည်။

အဆိုပါကာလအတွင်း စုစုပေါင်းပို့ကုန်တင်ပို့မှုပမာဏ ဒေါ်လာ ၁၂၁၂၂ ဒသမ ၇၄၆ သန်းသာရှိပြီး သွင်းကုန်တင်သွင်းမှုပမာဏ ဒေါ်လာ ၁၂၅၈၂ ဒသမ ၆၉၅ သန်းအထိရှိခဲ့ကာ စုစုပေါင်းကုန်သွယ်မှုပမာဏဒေါ်လာ ၂၄၇၀၅ ဒသမ ၄၄၁ သန်း (၂၄ ဒသမ ၇၀၅ ဘီလီယံ) ရရှိခဲ့ခြင်းဖြစ်သည်။

၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ ဒီဇင်ဘာ ၂၃ ရက်အထိ ကာလအတွင်းစုစုပေါင်းပို့ကုန်တင်ပို့မှုပမာဏဒေါ်လာ ၁၀၅၁၂ ဒသမ  ဒသမ ၁၈၃ သန်းသာရှိပြီး သွင်းကုန်တင်သွင်းမှုပမာဏဒေါ်လာ ၁၀၁၂၈ဒသမ ၃၂၇ သန်းအထိရှိခဲ့ကာ စုစုပေါင်းကုန်သွယ်မှုပမာဏဒေါ်လာ ၂၀၆၃၉ ဒသမ ၅၁၀ သန်း(၂၀ ဒသမ ၆၃၉ ဘီလီယံ) ရရှိခဲ့ခြင်းဖြစ်သည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ကိုးလနီးပါးအတွင်း ပြည်ပကုန်သွယ်မှုအခြေအနေကို ယခင်ဘဏ္ဍာနှစ်ကာလတူနှင့် နှိုင်းယှဉ်ပါက     လက်ရှိဘဏ္ဍာနှစ် ကိုးလနီးပါးအတွင်းက ပို့ကုန်တင်ပို့မှုအပိုင်းတွင် ဒေါ်လာ ၁၆၁၀ ဒသမ ၅၆၃ သန်း ပိုမိုတင်ပို့ထားသည်။ သွင်းကုန်တင်ပို့မှုအပိုင်းတွင် ဒေါ်လာ ၂၄၅၅ ဒသမ ၃၆၈ သန်းပိုမိုတင်သွင်းထားသည်။ စုစုပေါင်း ကုန်သွယ်မှုသည်လည်း ဒေါ်လာ ၄၀၆၅ ဒသမ ၉၃၁ သန်း ပိုမိုရရှိထားသည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ စာရင်းများအရ မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးနှစ်အလိုက် ကုန်သွယ်ရေးလိုငွေ/ပိုငွေဖြစ်ပေါ်မှုများကို လေ့လာကြည့်ပါက ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ကုန်သွယ်ရေးလိုငွေ ဒေါ်လာ ငါးဘီလီယံကျော်ရှိခဲ့သည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ကုန်သွယ်ရေးလိုငွေဒေါ်လာ ၃ ဒသမ ၈ ဘီလီယံကျော်၊ ၂၀၁၈ ခုနှစ်ကြားကာလ ခြောက်လတွင် ကုန်သွယ်ရေးလိုငွေဒေါ်လာ တစ်ဘီလီယံကျော်၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ကုန်သွယ်ရေးလိုငွေ ဒေါ်လာ တစ်ဘီလီယံကျော်၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ကုန်သွယ်ရေးလိုငွေ ဒေါ်လာ ၁ ဒသမ ၃ ဘီလီယံကျော်ရှိခဲ့ကြောင်း သိရသည်။

**Source:** https://news-eleven.com/article/242530

## ဇန်နဝါရီ ၃ ရက်တွင် ရန်ကုန်ရွှေအသင်းက အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၂၁၇၃၅၀၀ ဝန်းကျင်ဖြင့် ဈေးပိတ်ခဲ့ပြီး ပြင်ပဈေးကွက်၌ ရွှေတစ်ကျပ်သား ကျပ် ၂၇၂၅၀၀၀ ဝန်းကျင်ရှိနေ



https://news-eleven.com/article/242590

ဇန်နဝါရီ ၃ ရက်တွင် ရန်ကုန်ရွှေအသင်းက အခေါက်ရွှေတစ်ကျပ်သားလျှင် ၂၁၇၃၅၀၀ ဝန်းကျင်ဖြင့်ဈေးပိတ်ခဲ့ပြီး ပြင်ပဈေးကွက်တွင် ရွှေတစ်ကျပ်သား ကျပ် ၂၇၂၅၀၀၀ ဝန်းကျင်ရှိနေကြောင်း သိရသည်။

ဇန်နဝါရီ ၂ ရက်တွင် ပြင်ပဈေးကွက်တွင် ရွှေတစ်ကျပ်သား ကျပ် ၂၇၁၁၀၀၀ ဝန်းကျင်ရှိခဲ့ကြောင်း သိရသည်။ ပြီးခဲ့သည့်အောက်တိုဘာ ၁၁ ရက်တွင် အခေါက်ရွှေဈေးနှုန်းမှာ တစ်ကျပ်သား လျှင် ကျပ် ၂၅၇၀၀၀၀ ဝန်းကျင်ရှိပြီး အောက်တိုဘာ ၁၂ ရက်တွင် ၂၆၅၀၀၀၀ ဝန်းကျင်ရှိခဲ့ကြောင်း သိရသည်။

စံချိန်တင်ဈေးနှုန်းအနေဖြင့် ဩဂုတ် ၁၂ ရက်တွင် အခေါက်ရွှေဈေးနှုန်းမှာ တစ်ကျပ်သားလျှင် ကျပ် ၂၆ သိန်းသို့ ရောက်ရှိခဲ့ပြီး ဩဂုတ် ၁၃ တစ်ရက်တည်းတွင် နံနက်ပိုင်း၌ ၂၇ သိန်း၊ နေ့လည်ပိုင်းတွင် ၂၈ သိန်းကျော်အထိ စံချိန်တင်မြင့်တက်ခဲ့ပြီး ဩဂုတ် ၃၁ ရက်က ၃၆၇၀၀၀၀ ထိ စံချိန်တင်မြင့်တက်ခဲ့ခြင်းဖြစ်သည်။

၂၀၁၆ ခုနှစ်မှစ၍၂၀၂၁ ခုနှစ်အထိ ပြည်တွင်းရွှေဈေးနှုန်း စံချိန်တင်ဈေးနှုန်းများ အကြိမ်ကြိမ်ဖြစ်ပေါ်ခဲ့ကာ နှစ်အလိုက် စံချိန်တင်ဈေးနှုန်းများမှာ ၂၀၁၆ ခုနှစ် အောက်တိုဘာ ၄ ရက်တွင် ကျပ် ၉၀၃၅၀၀၊ ၂၀၁၇ ခုနှစ် စက်တင်ဘာ ၁၅ ရက်တွင် ကျပ် ၉၅၇၈၀၀၊ ၂၀၁၈ ခုနှစ် စက်တင်ဘာ ၂၀ ရက်တွင် ကျပ် ၁၀၄၇၇၀၀၊ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်တွင် ကျပ်

၁၀၈၈၅၀၀၊ ၂၀၁၉ ခုနှစ် ဇူလိုင် ၁၈ ရက်တွင် ကျပ် ၁၁၄၃၅၀၀၊ ၂၀၁၉ ခုနှစ် ဩဂုတ် ၁၃ ရက်တွင် ကျပ် ၁၂၃၇၀၀၀၊ ၂၀၁၉ စက်တင်ဘာ ၅ ရက်တွင် ကျပ် ၁၃၁၅၀၀၀၊ ၂၀၂၀ ပြည့်နှစ် ဩဂုတ် ၇ ရက်တွင် ကျပ် ၁၃၃၅၅၀၀၊ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၆ ရက်တွင် ကျပ် ၁၄၂၀၀၀၀ ဖြစ်သည်။

ရွှေဈေးနှုန်းသည် ၂၀၁၆ ခုနှစ်တွင် ကျပ် ၈၀၀၀၀၀ တန်း၊ ၂၀၁၇ ခုနှစ်တွင် ကျပ် ၉၀၀၀၀၀ တန်း၊ ၂၀၁၈ ခုနှစ်တွင် ကျပ် ၁၀၀၀၀၀၀ တန်း၊ ၂၀၁၉ ခုနှစ်တွင် ကျပ် ၁၁၀၀၀၀၀ တန်းနှင့် ကျပ် ၁၂၀၀၀၀၀ တန်း ကို ကျော်လွန်လာခဲ့ပြီး ၂၀၁၉ ခုနှစ် စက်တင် ဘာတွင် ကျပ် ၁၃၁၀၀၀၀ ကျော်အထိ မြင့်တက်ခဲ့ခြင်းဖြစ်ကာ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၆ ရက်တွင် ကျပ် ၁၄၂၀၀၀၀ အထိ စံချိန်တင်မြင့်တက်ခဲ့သည်။

လအလိုက်ဖြစ်ပေါ်ခဲ့သော အနိမ့်ဆုံးနှင့်အမြင့်ဆုံး ကမ္ဘာ့ရွှေဈေးနှုန်းများမှာ ၂၀၂၀ ပြည့်နှစ်ဧပြီတွင် ၁၅၆၈–၁၇၂၉ ဒေါ်လာ၊ မေတွင် ၁၆၈၃–၁၇၄၈ ဒေါ်လာ၊ ဇွန်တွင် ၁၆၈၀–၁၇၇၉ ဒေါ်လာ၊ ဇူလိုင်တွင် ၁၇၆၉–၁၉၇၅ ဒေါ်လာ၊ ဩဂုတ်တွင် ၁၈၅၉–၂၀၇၅ ဒေါ်လာ၊ စက်တင်ဘာတွင် ၁၈၄၈–၁၉၇၅ ဒေါ်လာ၊ အောက်တိုဘာတွင် ၁၈၅၈– ၁၉၃၃ ဒေါ်လာ၊ နိုဝင်ဘာတွင် ၁၇၆၄– ၁၉၆၆ ဒေါ်လာ၊ ဒီဇင်ဘာတွင် ၁၇၇၆–၁၉၀၆ ဝန်းကျင်ရှိခဲ့ခြင်းဖြစ်သည်။

ရွှေဈေးနှုန်းအား သတ်မှတ်နိုင်ငံခြားငွေလဲနှုန်းအပေါ်မူတည်၍ အရောင်းအဝယ်ပြုလုပ်ရန် ညွှန်ကြားထားသော်လည်း ရွှေဆိုင်အများစုမှာ ပြင်ပပေါက်ဈေးဖြင့်သာ အရောင်းအဝယ်ပြုလုပ်နေကြကြောင်း သိရသည်။

**Source:** https://news-eleven.com/article/242590

## သဇင်ပန်းများ စတင်ထွက်ရှိချိန် တစ်ခက်လျှင် ငွေကျပ် ၁၅၀၀ အထိ ဈေးကောင်းရရှိ


https://www.myawady.net.mm/node/34931

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် ကလိန်အောင်မြို့တွင် ဆောင်းရာသီကာလပန်းဖြစ်သော သဇင်ပန်းများ စတင်ထွက်ရှိချိန်ဖြစ်သည့်အတွက် ဈေးကောင်းရရှိကာ စိုက်ပျိုးသူများ အဆင်ပြေလျက်ရှိကြောင်း ကလိန်အောင်မြို့ရှိ သဇင်ပန်းစိုက်ပျိုးသူများထံမှ သိရသည်။

“သဇင်ပန်းက နိုဝင်ဘာလလောက်ဆိုရင် စပွင့်ပြီးတော့ ဖေဖော်ဝါရီလကုန်အထိရောင်းရတယ်။ တခြားမြို့ကြီးတွေက အော်ဒါမှာရင်လည်း ပို့ပေးတယ်။ လက်ရှိရောင်းဈေးက တစ်ခက်ကို ငွေကျပ် ၁၅၀၀ အထိ ဈေးရရှိပါတယ်” ဟု ကလိန်အောင်မြို့ရှိ သဇင်ပန်းစိုက်ပျိုးသူ ဦးနေလင်းအောင်က ပြောသည်။

သဇင်ပန်းကို ထားဝယ်မြို့နှင့် အနီးဝန်းကျင်ကျေးရွာများက မင်္ဂလာပွဲများ၊ အလှူပွဲများ ကျင်းပရာတွင် လာရောက်ဝယ်ယူကြသလို အော်ဒါမှာယူခြင်းများလည်းရှိကြကြောင်း၊ သဇင်ပန်းမျိုးဥများကို ထားဝယ်မြို့နှင့် တခြားလာရောက်ရောင်းချသူများထံမှ တစ်ပိဿာလျှင် ငွေကျပ် ၄၀၀၀၀၊ ၅၀၀၀၀ အထိဝယ်ယူရပြီး မျိုးဥများကို ပြန်လည်ပွားယူရကာ ပန်းအခက်လှအောင် ပြုစုထားရကြောင်းသိရသည်။

**Source:** https://www.myawady.net.mm/node/34931

## လွယ်ဂျယ်နှင့်ကန်ပိုက်တည်နယ်စပ်ကုန်သွယ်ရေးစခန်းများမှ မြန်မာ–တရုတ် နှစ်နိုင်ငံ ကုန်သွယ်မှုအခြေအနေ

ကချင်ပြည်နယ်တွင် လွယ်ဂျယ်နှင့်ကန်ပိုက်တည် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ မြန်မာ–တရုတ်နှစ်နိုင်ငံ ကုန်သွယ်မှုများရှိခဲ့ရာ ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်မှ ၃၀ ရက်နေ့များအတွင်း တင်ပို့ခဲ့သော ပို့ကုန်၏ငွေပမာဏ စုစုပေါင်းတန်ဖိုးမှာ ၄၈၉၀၈၅၇ ဒသမ ၂၅ ကန်ဒေါ်လာ တင်ပို့မှုရှိခဲ့ပြီး၊ သွင်းကုန်၏ စုစုပေါင်းငွေပမာဏတန်ဖိုးမှာ ၈၁၁၉၂၈ ဒသမ ၁၅၅ ကန်ဒေါ်လာတင်သွင်းမှုရှိခဲ့ပါသည်။

တင်ပို့ခဲ့သည့် ကုန်ပစ္စည်းများမှာ တစ်သျှူးငှက်ပျော၊ နှမ်းနက်၊ ကြံ၊ ဆန်၊ ပြောင်း၊ ပိုးလုံးအိမ် (DRIED COCOON)၊ ပဲယင်း၊ ပဲတီစိမ်း၊ ဖရဲသီး၊ ရွှေဖရုံသီးနှင့်ဆန်ကွဲများ တင်ပို့ခဲ့ကြောင်း သိရှိရပါသည်။ လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ တရုတ်နိုင်ငံသို့ တင်ပို့ကုန်၏ငွေပမာဏသည် ၃၀၂၆၆၁၅ ဒသမ ၇၂ ကန်ဒေါ်လာဖြစ်ပြီး၊ ကန်ပိုက်တည်နယ်စပ် ကုန်သွယ်ရေး

စခန်းမှ တရုတ်နိုင်ငံသို့ တင်ပို့ကုန်၏ ငွေပမာဏတန်ဖိုးမှာ ၁၈၆၄၂၄၁ ဒသမ ၅၃ ဒေါ်လာ တင်ပို့မှုရှိခဲ့ပါသည်။

သွင်းကုန်ပစ္စည်းများမှာ စက်နှင့်စက်ပစ္စည်းများ၊ ပလတ်စတစ်ကုန်ကြမ်းပစ္စည်းများ၊ ကုန်ထုတ်စက္ကူများ၊ ချည်ထည်များ၊ လယ်ထွန်စက်များ၊ ဆေးဝါးပစ္စည်းများ၊ ဓါတုဗေဒချည်ခင်များ၊ ဓါတ်မြေဩဇာများ၊ ဒီဇယ်အင်ဂျင်၊ ရော်ဘာပိုက်၊ သံပိုက်၊ မြက်ခင်းတု၊ Empty Cargo Container 45' Feetနှင့် အခြားပစ္စည်းများ တင်သွင်းမှုရှိခဲ့ပါသည်။ ကန်ပိုက်တည်နယ်စပ်ကုန်သွယ်ရေးစခန်းမှ မြန်မာနိုင်ငံသို့ အမှန်တင်သွင်းကုန်၏ ငွေပမာဏမှာ ကန်ဒေါ်လာ ၂၂၈၇၀၄ တင်သွင်းမှုရှိခဲ့ပြီး၊ လွယ်ဂျယ်နယ်စပ် ကုန်သွယ်ရေးစခန်းမှ မြန်မာနိုင်ငံသို့ အမှန်တင်သွင်းကုန်၏ ငွေပမာဏတန်ဖိုးမှာ ကန်ဒေါ်လာ ၅၈၃၂၂၄ ဒသမ ၁၅၅ တင်သွင်းမှုရှိခဲ့ပါသည်။

မြန်မာကျပ်ငွေနှင့် တရုတ်ယွမ်ငွေလဲနှုန်းမှာ မြန်မာငွေကျပ် ၁၀၀ လျှင် တရုတ်ယွမ် သုည ဒသမ ၃၂၉ ယွမ်ဖြစ်ပြီး၊ ၁ ယွမ်လျှင် မြန်မာကျပ်ငွေ ၃၀၃ ဒသမ ၉၅ ကျပ်ရှိကြောင်းသိရှိရပါသည်။

Source: မနော‌မြေကုန်သွယ်မှုဇဟိုဌာန

## ပြည်ပဆန်တင်သွင်းသဖြင့် အင်ဒိုနီးရှားပြည်တွင်းဆန်ဈေးကွက် မထိခိုက်ဟုပြောကြား

အင်ဒိုနီးရှားကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း Indonesian Chamber of Commerce and Industry (Kadin) ဥက္ကဋ္ဌ Arsjad Rasjid က အစိုးရအနေဖြင့် ဆန်တင်သွင်းရန်ဆုံးဖြတ်ချက်နှင့် ဆန်တင်သွင်းမှုကြောင့် ဖြစ်ပေါ်လာရသည့် ဈေးနှုန်းကွာဟမှု၏ သက်ရောက်မှုကို ပိုမိုဂရုပြုမိဖို့လိုအပ်ကြောင်း ပြောကြားသည်။

"ပြည်တွင်းနဲ့ပြည်ပဆန်ဈေးတွေ ဈေးကွာဟချက် အရမ်းကြီးလာရင် ဈေးသက်သာတဲ့ ပြည်ပဆန်ကိုတင်သွင်းဖို့ အားသန်လာကြလိမ့်မယ်။ တင်သွင်းဆန်ကို ဝယ်လိုအား ပိုများလာမယ်။ အဲဒီအခြေအနေက ဒေသခံတောင်သူတွေအတွက် စိုးရိမ်စရာ ဖြစ်လာလိမ့်မယ်"ဟု ထုတ်ပြန်ကြေညာချက်တွင် Arsjad က ပြောကြားထားသည်။

ကမ္ဘာ့ဘဏ်၏ ဒီဇင်ဘာ ၁၅ ရက်က ထုတ်ပြန်သည့် အင်ဒိုနီးရှားနိုင်ငံ၏ ကုန်သွယ်မှုနှင့်စီးပွားရေးဆိုင်ရာ Indonesia Economic Prospect အစီရင်ခံစာအရ အင်ဒိုနီးရှား၏ ဆန်လက်လီဈေးသည် လွန်ခဲ့သည့် တစ်ဆယ်နှစ်တွင် အရှေ့တောင် အာရှဒေသမှာ အမြင့်ဆုံးဖြစ်နေခဲ့သည်။ Food and Agriculture Organization's Global Information and Early Warning System on Food and Agriculture (FAO–GIEWS) ၏ အချက်အလက်များအရ ကမ္ဘာ့ဘဏ်ခန့်မှန်းသည်မှာ အင်ဒိုနီးရှားနိုင်ငံတွင် ဆန်ဈေးသည် ဖိလစ်ပိုင်နိုင်ငံထက် ၂၈ ရာခိုင်နှုန်း ပိုများသည်။ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ မြန်မာနှင့်ထိုင်းတို့ထက် ၂ ဆကျော်ပိုများသည်။

နိုင်ငံတော် ထောက်ပံ့ပို့ဆောင်ရေးအေဂျင်စီ State Logistics Agency (Bulog) သည် နိုင်ငံတော်အရန်ဆန် ဖြည့်တင်းရန်အတွက် ယခုနှစ်ဒီဇင်ဘာလတွင် ဆန်တန်ချိန် ၂၀၀,၀၀၀ တင်သွင်းရန် အခွင့်အာဏာရရှိခဲ့သည်။ ဆန်တန်ချိန် ၆၀,၀၀၀ ကို တင်သွင်းခဲ့ပြီးပြီဖြစ်သည်။ ဒီဇင်ဘာလတွင် အများဆုံးအနေဖြင့် ဆန်တန်ချိန် ၇၀,၀၀၀ ရောက်ရှိလာမည် ဖြစ်ပြီး ဇန်နဝါရီတွင် နောက်ထပ်တင်သွင်းမည်ဟု ကုန်သွယ်ရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

၂၀၂၂ ခုနှစ်အစောပိုင်းတွင် အရန်တန်ချိန် ၁ သန်းရှိခဲ့ရာမှ နိုဝင်ဘာလတွင် တန်ချိန် ၅၈,၇၀၀၀ မျှသာ ကျန်ရှိတော့သဖြင့် ယခုကဲ့သို့ ပြည်ပမှတင်သွင်းရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ ဖူလုံရေးအတွက် အရန်ဆန် အများဆုံးသိုလှောင်မှု ကန့်သတ်ချက်မှာ တန်ချိန် ၁ သန်းခွဲ ဖြစ်သည်။

အစိုးရက ပြည်တွင်းမှဝယ်ယူဖြည့်တင်းရန် ကြိုးပမ်းခဲ့သော်လည်း မရနိုင်ခဲ့ချေ။ သို့ဖြစ်ရာ ဆန်လက်လီဈေး မြင့်တက်လာသည်ကိုထိန်းရန် ပြည်ပမှဆန်ကို မဖြစ်မနေတင်သွင်းနေခြင်းဖြစ်သည်။ အလယ်အလတ်တန်းစား ဆန်တစ်ကီလို ရူပီယာ ၁၂,၆၀၀ (US$0.81) အထိ မြင့်တက်နေသည်။ ဇူလိုင်လတွင် ၎င်းဆန်အမျိုးအစား တစ်ကီလို ရူပီယာ ၁၁,၅၅၀ မှ ၁၁,၇၅၀ အထိသာရှိခဲ့သည်။ ဆန်ဈေး တဖြည်းဖြည်းချင်း မြင့်တက်လာခဲ့ခြင်းဖြစ်သည်။

ပြည်ပမှ တင်သွင်းလာသောဆန်များကို သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုနှင့်လိုအပ်ချက်အရ ဈေးကွက်တွင် ဝင်ရောက်စွက်ဖက်မှုစသည့် အခြေအနေအချို့တွင်သာ အသုံးပြုမည်ဖြစ်ကြောင်း အစိုးရကပြောကြားခဲ့သည်။ ပြည်တွင်းဆန်ဈေးကွက်ထဲ ပြည်ပဆန်များ မရောက်ရှိအောင် အနီးကပ်စောင့်ကြည့်ပေးနေမည်ဖြစ်ကြောင်း ပြောကြားသည်။

အင်ဒိုနီးရှားနိုင်ငံသည် ၂၀၁၉ မှ ၂၀၂၂ အထိ ပြည်တွင်းဆန်ဖြင့် ဖူလုံခဲ့သည်။ အင်ဒိုနီးရှားတွင် မထွက်သော ဆန်အမျိုးအစားကိုသာ တင်သွင်းခဲ့သည်။ ဟိုတယ်များ၊ စားသောက်ဆိုင်များနှင့် အစားအသောက်လုပ်ငန်းများ သုံးစွဲရန် အတွက်ဖြစ်သည်။

**Source: Jakartapost**

https://www.foodindustrydirectory.com.mm/food-industry/food-livestock.html

## STOCK EXCHANGE (3.1.2023)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 3rd Jan. 2023

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 2,643 (Shares) | 24,425,100 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,800 | +0 | +0.00% | 8,700 | 8,800 | 8,700 | 474 | 4,135,200 | 33,109,694 | 291,365 |
| MTSH | 00002 | 3,300 | +0 | +0.00% | 3,250 | 3,300 | 3,250 | 780 | 2,541,350 | 38,929,150 | 128,466 |
| MCB | 00003 | 7,700 | +0 | +0.00% | 7,700 | 7,700 | 7,700 | 0 | 0 | 10,400,986 | 80,088 |
| FPB | 00004 | 18,500 | -500 | -2.63% | 18,500 | 18,500 | 18,500 | 859 | 15,891,500 | 2,472,053 | 45,733 |
| TMH | 00005 | 2,600 | +0 | +0.00% | 2,600 | 2,600 | 2,600 | 272 | 707,200 | 12,823,224 | 33,340 |
| EFR | 00006 | 2,700 | +0 | +0.00% | 2,750 | 2,750 | 2,700 | 53 | 145,350 | 19,977,223 | 53,939 |
| AMATA | 00007 | 4,900 | -100 | -2.00% | 4,900 | 4,900 | 4,900 | 205 | 1,004,500 | 10,497,598 | 51,438 |


### Market summary

As of 3rd Jan. 2023

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 393.40 | -1.32 | -0.33% | 393.60 | 394.72 | 392.21 | 2,643 | 24,425,100 | 7 | 684,369 |

**Index chart**




### Market Overview

### Grand Total Trading [Total trading (MB) + Total trading (PLB)]

As of - -

| Trading Volume | Trading Value |
|---|---|
| - - (Shares) | - - (MMK) |

### Main Board

As of 10:00 am, 5th Jan. 2023

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 578 (Shares) | 1,951,600 (MMK) |

| MYANPIX | 393.98 ▲ 0.58 |
|---|---|
| Total Volume (shares) | 578 |
| Total Value (MMK) | 2 mil |
| Listed Company | 7 |
| Market Cap. (MMK) | 685,367 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,800 | ▲ 0 |
| MTSH | 00002 | 3,300 | ▲ 0 |
| MCB | 00003 | 7,700 | ▲ 0 |
| FPB | 00004 | 18,500 | ▲ 0 |
| TMH | 00005 | 2,600 | ▲ 0 |
| EFR | 00006 | 2,750 | ▲ 50 |
| AMATA | 00007 | 4,900 | ▲ 0 |